

စိတ်ကူးချိုချိုအနုပညာ

mgyoe.com



မီးပုံထဲက ကဗျာများ
ပြာပုံထဲက ကဗျာများ
ပြန်ထပါစေ
ပြည်ချစ်များ
သို့မှ ပြန်ထပါစေ။
ငါတို့ တိုင်းပြည်ကြီး
စစ်မီး ငြိမ်းပါစေ ။

2016

ac0007
1500.00 Ks

mgyoe.com

တစ္ဆေ၊ အောင်ချိမ့်
မျက်နှာဖုံးနှင့်အတွင်းပန်းချီ - အောင်ကို၊
စာမျက်နှာ ၆၇ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# တစ္ဆေ

## အောင်ချိမ့်

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com



mgyoe.com

 mgyoe.com 

# တစ္ဆေအကြောင်းနဲ့နဲ့

၁။

၂၀၁၂ မှောင်မှောင်နဲ့မည်းမည်းမှာ ကိုယ့်ကိုယ်ကိုယ် တစ္ဆေတစ်ကောင်လို ခံစားမိပြီး ရေးခဲ့။ အပတ်စဉ် "လျှပ်တစ်ပြက်"ဂျာနယ်မှာ။ ၆.၁.၂၀၁၂ မှ ၁၅.၉.၂၀၁၂ ထိ။

၂။

"တစ္ဆေ" ပေါ့လေ။

၃။

"တစ္ဆေချောက်နေသည်"... "Manifesto" တစ်ခုနဲ့ (ဒေါ်) ကြည်အေးရဲ့ တစ္ဆေကဗျာကို စွဲလန်းမှုပါတာပေါ့လေ။

၄။

ဒါပေမဲ့ ကျွန်တော့်တစ္ဆေက ကျွန်တော်ကိုယ်တိုင်လည်း ဇာတ်ကောင်။ အခြားသူများလည်း ဇာတ်ကောင်။ အသံဗလံများလည်း ဇာတ်ကောင်။ ခေတ်မဲမဲကြီးလည်း ဇာတ်ကောင်။

၅။

နောက်ခံတီးလုံးလည်း ဗိန်းဗောင်း။

mgyoe.com

 mgyoe.com


၆။

သို့သော်။ ဒီကဗျာ ကျွန်တော်မေ့လျော့နေခဲ့ပါတယ်။ အချို့ ကဗျာအချိတ်အဆက်တွေ ဝေဝါးခဲ့ပါတယ်။ မှတ်ဉာဏ်ညှစ်သုံးပြီး ပြန်လုပ်ရပါတယ်။ ကဗျာရဲ့ အချပိုဒ်ကိုလည်း နှစ်ကြောင်းဖြည့်စွက်ခဲ့ပါတယ်။ ကြိုးစားပေးတဲ့ "နေမျိုးအောင်" ကို ကျေးဇူးတင်ပါတယ်။ သူ့အကူအညီမပါလျှင် အတော်ခက်သွားပါလိမ့်မယ်။

၇။

ခုတော့ တစ္ဆေပေါ့လေ။

၈။

ဒီလို ဒီကာလမှာ ကောင်းသောအိပ်မက်များ မက်ပါစေကြောင်း သာ။

လေးစားစွာဖြင့်

[signature]

၁၄.၁၁.၂၀၁၆

❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



စကားချီး

ဂီတသံ ထွက်တာကလွဲပြီး
ဘာမှလည်း မဟုတ်
ဂီတသံ ထွက်တာကလွဲပြီး
ဘာမှလည်း မဖြစ်
ဂီတသံ ထွက်တာကလွဲပြီး
ဘာမှလည်းမပါ အဲဒီတော့
အဲဒါ
ဘယ်သူ့ဖတ်မှာလဲ။
ပိုဆိုးတာက
တကယ်တမ်းလည်း တကယ်ဂီတသံမထွက် အဲဒီတော့

mgyoe.com

mgyoe.com

စကားချီး

ဒီစာအုပ်ထွက်တာကလွဲပြီး
ဘာမှလည်း မဟုတ်
ဒီစာအုပ်ထွက်တာကလွဲပြီး
ဘာမှလည်း မဖြစ်
ဒီစာအုပ်ထွက်တာကလွဲပြီး
ဘာမှလည်း မပါ ကိုဇော
ကဗျာ
ဘယ်ဟူ၊ မတော်မှာပ ။



2016

mgyoe.com

mgyoe.com

အဲဒါ
ဘယ်သူဖတ်မှာလဲ။
ပြီးတော့လည်း
အချိန်ကုန်တာအပြင်
အချိန်ကုန်တာပဲ အဖတ်တင်တော့ အဲဒီတော့
အဲဒါ
ဘယ်သူဖတ်မှာလဲ။

ဒီလိုဆိုဦးတော့
မြည်းကြည့်ပါ
လက်နဲ့ကိုင်တွယ်ပြီး မြည်းကြည့်ပါ
နမ်းပြီး မြည်းကြည့်ပါ
ဖတ်ကြည့်ပါ
ဖတ်ရကျိုးနပ်စေမယ်
လာပြီ။

mgyoe.com

mgyoe.com

၁။

လာပြီ မြင်သူကို ရန်စသလို
လာပြီ။
လာပြီ အခုလေးမှ လူ့ဘဝကိုရောက်သလို
လာပြီ။
လာပြီ ဒေဝဒတ်ကြီး မြေမျိုခါနီးလို့
လာပြီ။

၂။

လာပြီ ချစ်သူက မျက်နှာကို
တံတွေးနဲ့ထွေးတာ ခံခဲ့ရသလို
လာပြီ။
လာပြီ ဘတ်စ်ကားပေါ်က ပြုတ်ကျသလို
လာပြီ။
မိုးပေါ်က ဘွားကနဲကျလာသလို၊ ဟဲဟဲ
လာပြီ။
လာပြီ အဲသလို ကျွန်တော်တို့ဟာ။

mgyoe.com

mgyoe.com


၃။

အဲသလို ကျွန်တော်တို့ဟာ ကြုံတောင့်ကြုံခဲ
ကြုံခဲ့ရတာကိုး မင်္ဂလာပါ။
ဝတာထက်ပိုတဲ့
မစားရဝခမန်း
ဝခဲ့ရတာကိုး၊ မင်္ဂလာပါ။

ဇာတ်လိုက်လည်း ကျွန်တော်တို့
ဗီလိန်လည်း ကျွန်တော်တို့
ပွဲကြည့်ပရိသတ်ကလည်း ကျွန်တော်တို့ အဲသလို
ပညာပြည့် သမ္မာပြည့်ခဲ့ရတာကိုး၊ မင်္ဂလာပါ။

ကံမျက်နှာသာပေးမှုဆိုတော့
ကျေနပ်ပါတယ်လေ၊ ကျေနပ်ပါတယ်။

mgyoe.com

mgyoe.com

၄။

ကျေနပ်ပါတယ်လေ၊ ကျေနပ်ပါတယ်။
မိုးရွာလိမ့်မယ်ဆိုပြီး…
မိုးမရွာဘူးဆိုရင်လည်း…
နေသာမယ်ဆိုပြီး…
ဟဲဟဲ၊ နားလည်နိုင်ပါတယ်
နားလည်ပါတယ်
(ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသ
တိုင်းထွာချက်အကျဉ်းချုပ်မှာ
လွန်ခဲ့သော ၂ နာရီအတွင်းက…)

mgyoe.com

mgyoe.com

ဘဝဆိုတာ ဒီလိုပေါ့
ရေသောက်လည်း ပိုသောက်ထားပေါ့လေ (ကြုံတုန်း)
ထမင်းစားရင်လည်း ပိုစားထားပေါ့လေ (ကြုံတုန်း)
လေရှူရင်လည်း ပိုရှူထားပေါ့လေ (ကြုံတုန်း)
မမှားပါဘူး
မမှားနိုင်ပါဘူး။

mgyoe.com

mgyoe.com

၅။

မမှားနိုင်ပါဘူး
ရန်ကုန်မြို့မှာ
စူပါမားကက်တွေနဲ့
ရန်ကုန်မြို့မှာ
စီတီးဘတ်စ်ကားကြီးတွေနဲ့
ရန်ကုန်မြို့မှာ
မော်ဒယ်နဲ့ မော်ဒယ်လိုမိန်းမငယ်တွေနဲ့
ရန်ကုန်မြို့မှာ
ပါးစပ်ကြီး ဟဖြထားတဲ့ ဟိုကောင်တွေနဲ့
ရန်ကုန်မြို့မှာ
ကမ္ဘာသုံးရေမွှေး သုံးလာမှုနဲ့
ရန်ကုန်မြို့မှာ
တစ်ယောက်ကိုတစ်ယောက် ကိုက်စားလို့ရတယ်
ဆန္ဒရှိရင်။

ပေါက်စီလို
ဒင်းဆန်းလို
ကိုက်စားလို့ရတယ်။

mgyoe.com

"မှားနိုင်ပါကြုး

ရန်ကုန်မြို့မှာ
ဆူပါမားကတ်တွေနဲ့
ရန်ကုန်မြို့မှာ
ဒီးတီး ကတ်ဒ်ကားကြီးတွေနဲ့
ရန်ကုန်မြို့မှာ
ဆော်ဒယ်နဲ့ ပေါ်ဒယ်လိုမိန်းမလေးတွေနဲ့



2016

 mgyoe.com 

၆။

ကိုက်စားလို့ရတယ်
သင်ခန်းစာကား
သင်လည်းကိုက်စားခံရဖို့
အလှည့်ရှိတယ် ဆိုတာပါပဲ။

၇။

အလှည့်ရှိတယ် ဆိုတာပါပဲ
အဲဒီတော့။
ဟဲလို ခင်ဗျားဘယ်နားမှာလဲ
ဟဲလို၊ ကျွန်တော်ဘယ်နားမှာလဲ
ဆက်သွယ်ကြည့်သောအခါ
လူကြီးမင်းဆက်သော တယ်လီဖုန်းမှာ
'မအားသေးပါ'။ 'ဆက်သွယ်မှုဧရိယာပြင်ပမှာ'...။

mgyoe.com

ဒါပေမဲ့ ကျေနပ်စရာပါ
မင်းလည်း လူကြီးမင်း...
ငါလည်း လူကြီးမင်း...
လူကြီးမင်း
ဟင်း... ဟင်း...၊ ဟင်း...၊ ဟင်း...၊
လူကြီးမင်းတွေ
ငါတို့ဟာ လူကြီးမင်းတွေ။
နေတတ်ရင်
ကျေနပ်စရာပဲဆိုသလို
အဲသလို ငါတို့
ကုပ်ချောင်းချောင်း မြင့်မြတ်ခဲ့ရတာပေါ့လေ။
၁ နာရီ။

mgyoe.com

mgyoe.com

၈။

၁ နာရီ
၂ နာရီ၊ ၃ နာရီ
ဆတ်ဆော့ပြီး
တိုင်ကပ်နာရီ အကြီးကြီးတစ်လုံး
ဝယ်ချိတ်မိတဲ့နေ့က။
ဘုရားဘုရား
ဘုရားတမိ
သွေးပျက်မိတယ်။
ထတ်...၊
ထတ်...၊ ထတ်...၊ ထတ်...၊ ထတ်...
ထတ်...၊ ထတ်...
ထတ်...၊ ထတ်...
တစ်နေ့လုံးညံနေတော့တာပဲ ဒီအသံ

mgyoe.com

mgyoe.com 

ဒီအသံ အလန့်တကြား မှန်မှန်
နာရီက နာရီလိုသွားနေတာကလား။
ခုပဲ ၃ နာရီ
ခဏနေ ၄ နာရီ
ခဏကြာ ၅ နာရီ
ရပ်လိုက်စမ်းဟေ့ ရပ်လိုက်စမ်း
ရပ်ခိုင်းလို့မရ
ဘုရားဘုရား
ရပ်ခိုင်းလို့မရ။

mgyoe.com

mgyoe.com



၉။

ရပ်ခိုင်းလို့မရ
ဘာကိုမှ
ရပ်ခိုင်းလို့မရ။
ဘယ်သူကိုမှ
ရပ်ခိုင်းလို့မရ။
အဲဒါကြောင့် သမိုင်းဆိုတာ
ဖြစ်ပေါ်ခဲ့ရ။

ကြည့်လေ...
'သာဒင်ကို ဘာထင်သလဲ...' အဲဒါလည်း
သမိုင်းပဲ။
ဆိုလိုတာက ငါတို့ဟာ
သမိုင်းထဲက ငါတို့ပဲ။
မောင်ရန်အောင်လည်း သမိုင်းပဲ။
မောင်ခွေးလည်း သမိုင်းပဲ။

mgyoe.com

mgyoe.com

၁၀။

သမိုင်းပဲ
အုတ်ကျင်းနားက ရပ်ကွက်ဟာလည်း သမိုင်းပဲ။
အဲဒီရပ်ကွက်မှာနေတဲ့ ပြည်သူတွေဟာလည်း
သမိုင်းပဲ။

ငါ့ကြီးတော်လည်း သမိုင်းပဲ
မင်းဘကြီးလည်း သမိုင်းပဲ
သမိုင်းဆိုတာလည်း သမိုင်းပဲ
ရာဇဝင်ဆိုတာလည်း သမိုင်းပဲ
ရာဇဝင်ထဲမှာ ဟိုငတကိုထားခဲ့တာလည်း
သမိုင်းပဲ။
ပြာဂလောင်၊ ပြာလချောင်လည်း
သမိုင်းပဲ။

သမိုင်းဆိုတာ အဆန်းမဟုတ်ပါ
ခင်ဗျားလည်း ပါခဲ့တယ်
ကျွန်တော်လည်း ပါခဲ့တယ်။

mgyoe.com

mgyoe.com


၁၁။

ကျွန်တော်လည်း  ပါခဲ့တယ်
ကျွန်တော်ပါခဲ့တယ်။
ရှုပ်ရှုပ်နဲ့
မရှင်းမရှင်းနှစ်များ။
သတင်းစာ  ကျောကဖတ်တဲ့နှစ်များ
မြန်မာ့အသံနှစ်များ
ငါတို့တွေ  တစ်ခါတုန်းက
ဗီယက်နမ်စစ်ဆန့်ကျင်ရေးကဗျာ
ရေးခဲ့တယ်။

mgyoe.com

mgyoe.com


နောက် ၁၀ နှစ်လုံး
နောက် နှစ် ၂၀ လုံး
နောက် နှစ် ၃၀ လုံး
မော်ဒန်ကဗျာ၊ ခေတ်ပေါ်ကဗျာ
ပုန်းလျှိုးကွယ်လျှိုး ရေးခဲ့ကြတယ်။

လက်ဆင့်ကမ်းခြင်း
အခြားတစ်ယောက်ကို ဖတ်ပြခြင်း
စကားတိုးတိုးပြောခြင်း
တရားမဝင်ခြင်း
ဒါပေမဲ့ ခပ်တင်းတင်း
ခပ်တင်းတင်း ရေးခဲ့ကြတယ်။

mgyoe.com

mgyoe.com

၁၂။

ခပ်တင်းတင်းပဲ  ရေးခဲ့ကြတယ်
ခပ်တင်းတင်းပဲ  ရေးခဲ့ကြတယ်လေ
ဘာဖြစ်လဲ
ခပ်တင်းတင်းပဲ။

"ကုက္ကိုပြင်သက်သေ"
"လွတ်လပ်ရေးသစ်"  ဘာဖြစ်လဲ။
"တော်လှန်ရေး၌  အိပ်ပျော်ခြင်း"
"ဇကွဲပေါ်က  ကဗျာ"  ဘာဖြစ်လဲ။
"သူသေပြီ
သူသေပြီ  သူသေပြီ"  ဘာဖြစ်လဲ။
"မဂ်လာလမ်းတဲ့ရှင်"
"နှင်းဆီပွင့်ပေါ်အိပ်ပျော်ခြင်း"  ဘာဖြစ်လဲ။
"ဓာတ်ပုံ၏ကရုဏာရသ"
"အမေ့ခေါ်သံ"  ဘာဖြစ်လဲ။
"လပေါ်က  ဘီယာဆိုင်"  ဘာဖြစ်လဲ။
"စစ်အတွင်းအိပ်မက်"  ဘာဖြစ်လဲ
"စကားလက်ဆောင်"  ဘာဖြစ်လဲ
"ဘတ်စ်မှတ်တိုင်"  ဘာဖြစ်လဲ

mgyoe.com

mgyoe.com

၁၃။

ဘာဖြစ်လဲ
ဘာမှမဖြစ်ပါဘူး။
မီးခိုးများ
မှန်ကွဲစများ
သေနေသောကားများ
ကျောင်းနှင့်ဝေးကွာသွားသောကျောင်းသားများ
သွေးစက်များ
ဒါဖြစ်ခဲ့တယ်။
ရန်ကုန်မြို့မှာ ဖြစ်ခဲ့တယ်။

mgyoe.com